# ဩစတြေးလျားနိုင်ငံသို့ရွှေ့ပြောင်းလာကြသူများအတွက် အခြေစိုက်နေထိုင်ရေး သိမြင်မှတ်သားဖွယ်ရာအချက်များ။



**ဩစတြေးလျားနိုင်ငံသို့ရွှေ့ပြောင်းအခြေချလာရောက်နေထိုင်ရန် သင်၏ဆုံးဖြတ်ချက်ကို ချီးကျူးဝမ်းမြောက်ပါသည်။ သင်၏နေရပ်ဌာနေသစ်တွင် ကျေနပ်ပျော်ရွှင်လိမ့်မည်ဟု မျှော်လင့်ဆုတောင်းပါသည်။**

ဩစတြေးလျားနိုင်ငံတွင် သင်၏ဘဝသစ် တည်ဆောက်ရာ၌ ဆင်ခြင်သုံးသပ်အပ်သည့် အရေးပါ၍ သော့ချက်ဖြစ်သောနယ်ပယ်ကို ဤပုံစံတွင်အကျဉ်းချုပ်တင်ပြထားပါသည်။ရွှေ့ ပြောင်းနေထိုင်လာသူ အများစုအတွက် ဩစတြေးလျားနိုင်ငံနှင့်သက်ဆိုင်သောသိမှတ်ဖွယ်ရာ ဗဟုသုတ ကို အဓိကအားဖြင့် ဩစတြေးလျားတွင်ရောက်ရှိနေကြသော ဆွေမျိုးများ၊ မိတ်ဆွေများ နှင့် ဆက်သွယ်ခဲ့ဖူးသူများထံမှ ရရှိကြလိမ့်မည်ဖြစ်သည်။ သင်သည် ဩစတြေးလျားသို့ ထွက်မလာမီ အပိုဖြည့်စွက်သုတေသန ပြုနိုင်လေ၊ သင်၏အခြေစိုက်နေထိုင်ရေးအတွက်အထောက်အကူ ပိုဖြစ်မည်ဖြစ်ပါသည်။

လူဝင်မှုကြီးကြပ်ရေး နှင့် နိုင်ငံသား အဖြစ်ခံယူမှု ဆိုင်ရာဌာန (ဌာန )၏ "ဩစတြေးလျား အတွင်းမှာ နေထိုင်ပုံ ဘဝ အခြေအနေ"ခေါ် အောက်ပါ သတင်းကွန်ရက် **www.immi.gov.au/living-in-australia/** စာမျက်နှာများတွင်၊ အသစ်ရောက်ရှိလာကြသော ရွှေ့ပြောင်းနေထိုင်လာသူများ အတွက် သိမှတ် ဖွယ်ရာများ နှင့် အကျိုးဆောင်ခြင်း ဆိုင်ရာ အသေးစိတ် အချက်အလက်တွေ
ကိုပါ ဖတ်ရှုနိုင် ပါ သည်။

"ဩစတြေးလျားနိုင်ငံ အတွင်း ဘဝသစ် တည်ထောင် ခြင်း" စာစောင်ငယ်များကို ပြည်နယ်တစ်နယ်စီ နှင့် ဒေသ တစ်ခုစီ အတွက် အင်္ဂလိပ်ဘာသာဖြင့်ရော အခြား လူမျိုး ဘာသာ စကား ၃၇ ဘာသာ ဖြင့်ပါထုတ် ဝေ ထား ပါသည်။ လာရောက်အခြေချနေထိုင်ရန် စီစဉ်နေသူများ နှင့် ရောက်ရှိလာခါစ ပြောင်းရွှေ့လာသူများ အတွက် ရရှိနိုင် သည့် ဝန်ဆောင်မှုများဆိုင်ရာ သိမှတ်စရာများပါ အသေးစိတ် ပါ ရှိ ပြီး အောက်ပါ သတင်းကွန်ရက် စာမျက်နှာများမှ ရယူနိုင် ပါသည်။
**www.immi.gov.au/living-in-australia/settle-in-australia/**

## ဩစတြေးလျားနိုင်ငံ၏ ယဉ်ကျေးမှုစုံလင်သည့် လူ့လောက။

ဩစတြေးလျားနိုင်ငံသည် သည်းခံခြင်းတရား လက်ကိုင်ထားလျက်၊ ယဉ်ကျေးမှု ၊ လူမျိုး ၊ ဘာသာစကား ၊ ကိုးကွယ်သည့်ဘာသာ နောက်ခံ အမျိုးစုံမှ ရောက်လာကြသော လူသားများ နေထိုင်သည့် လူ့ လောက ပင်ဖြစ်သည်။ ဩစတြေးလျား နိုင်ငံသားများ သည် ကမ္ဘာ အရပ်ရပ်မှ ရောက်ရှိလာကြသည်။ ဩစတြေးလျားနိုင်ငံသား ၄၅ ရာခိုင်နှုန်းခန့် တို့သည် နိုင်ငံခြားတွင် ဖွားမြင်ခဲ့ကြသူများ ဖြစ်လျှင်ဖြစ်၊ သို့မဟုတ် ယင်းတို့၏ မိဘ တစ်ဦးဦးသည် နိုင်ငံခြား တွင် ဖွားမြင်ခဲ့သူ ဖြစ်ပေသည်။

ဩစတြေလျားနိုင်ငံတွင် ကိုးကွယ်သည့်ဘာသာ အမျိုးမျိုး အဖုံဖုံ ယုံကြည် ကိုးကွယ်ကြသည်။ လူတိုင်း လူတိုင်း မိမိ၏ ယဉ်ကျေးမှုနှင့် ဘာသာရေးအစဉ်အလာကို ဥပဒေ ဘောင်အတွင်း လွတ်လပ်စွာ အတိအလင်း ထုတ်ဖော် ပြောဆို ထိန်းသိမ်းထားခွင့်ရှိလျက် ဩစတြေးလျားသား တစ်ဦး အဖြစ် ပါဝင်ဆင်နွှဲနိုင်သည်။ အစ ကနဦးတွင် သင့်အနေနှင့် ဤမျှလောက် ကွဲပြား ခြားနားခြင်း မျိုးစုံ ကို အတိတ်ကာလ က မကြုံဘူးသည့်အတွက် အသစ်အဆန်း ဖြစ်နေပေမည်။ သို့သော် လူပုဂ္ဂိုလ်များ၊ အတွေးအခေါ်များ၊ ဓလေ့ထုံးစံများအပေါ် ပွင့်ပွင့်လင်းလင်း နှင့် ရိုရိုသေသေ လေးလေးစားစား ဆက်ဆံမည်ဆိုလျှင် ၊ သင်သည် အံဝင်ဂွင်ကျ ဖြစ်ပြီး သင်၏ဘဝသစ် တွင် အောင်မြင်ရန် အလားအလာ ကောင်းပါသည်။

ကျွန်ုပ်တို့ ဩစတြေးလျားနိုင်ငံတွင် ခံစားကြလျက်ရှိ သည့် လွတ်လပ်မှုနှင့် တန်းတူညီမျှမှု တို့သည် လူတိုင်း မိမိ၏တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သည့်အပေါ် တည်နေပါသည်။ ကျွန်ုပ်တို့အနေနှင့် သင်သည် ဩစ တြေးလျားနိုင်ငံအပေါ် သစ္စာစောင့်သိလိမ့်မည်၊ ကျွန်ုပ် တို့၏ ဒီမိုကရေစီ လမ်းစဉ်နှင့် အပြင်လူကိုလက်ခံပြီး မိမိတို့၏ အသိုင်းအဝိုင်းထဲပါဝင်စေခြင်း၊ တရားမျှတစွာ ဆက်ဆံခြင်း စသည့် ဩစတြေးလျား၏ အလေ့အထကို အားပေး ထောက်ခံလိမ့်မည်ဟု မျှော်မှန်းသည်။ (အခ ကြေးငွေရသည့်အလုပ်အကိုင် ရရှိရေး၊ ပညာသင်ကြား ပေးမှု ရရှိရေး၊ နေရာထိုင်ခင်းရရေး၊ ကုန်ပစ္စည်းနှင့် အကျိုးဆောင်မှုများကို အသုံးပြုခွင့် ရရှိရေး၊ အစိုးရ အရေးယူမှုရရေး၊) ယင်းကဲ့သို့သော အများပြည်သူနှင့် ပတ်သက်သည့် နယ်ပယ်အမျိုး ပေါင်းများစွာတို့တွင် (လူမျိုး၊ လိင်၊ မသန်မစွမ်းဖြစ်ခြင်း၊ အသက်အရွယ် အိုမင်းခြင်း )စသည့် အကြောင်းအရာ အမျိုးပေါင်း များစွာ အပေါ် တဘက်စောင်းနင်း ကျောသားရင်သား ခွဲခြားပြုမူဆက်ဆံခြင်းကို တားမြစ်ပိတ်ပင်သည့် ပြည်ထောင်စု၊ ပြည်နယ် နှင့် ဒေသ ဥပဒေများရှိပါသည်။

ဩစတြေးလျား နိုင်ငံတွင် တိုင်းရင်းဖြစ်သော ဘာသာစကားများ အပါအဝင် စကားအမျိုးပေါင်း ၃၀၀ ခန့် ပြောဆိုလျက်ရှိကြသော်လည်း အင်္ဂလိပ်စကားသည် နိုင်ငံတစ်ဝှန်းလုံးအတွက် အမျိုးသား ဘာသာ စကား ဖြစ် သည် ။ သင်သည် အင်္ဂလိပ်စကား မပြောတတ်လျှင် ဤနိုင်ငံသို့ ရောက်ရှိလာပြီးနောက် အမြန်ဆုံး စတင်သင်ယူရန် တိုက်တွန်းပါသည်။ (အေအယ်မ်အီးပီ) ခေါ် ပြောင်းရွှေ့လာရောက် နေထိုင် သူများအတွက် သက်ကြီး အင်္ဂလိပ်ဘာသာအစီအစဉ် အရ အခမဲ့ သင်တန်းများ ကိုတက်ရောက်ခွင့်လည်း သင့်အနေနှင့် ရနိုင်ဖွယ်ရာရှိသည်။ ယင်း အစီအစဉ်နှင့်စပ်လျဉ်းသည့်အသေးစိတ် အချက်အလက်များ စာမျက်နှာ ၄ တွင် ပါရှိပါသည်။

## အကောက်ခွန်နှင့် ကူးစက်တတ်သည့် ရောဂါကာကွယ်ရန်သီးခြားထားခြင်းကိစ္စ။

သင်၏နိုင်ငံရှိဩစတြေးလျားသံရုံးမှ ဩစတြေးလျား အကောက်ခွန်နှင့် ကူးစက်တတ်သည့်ရောဂါကာကွယ်ရန်သီးခြားထားခြင်းဆိုင်ရာစည်းမျဉ်းများကိုသင့်အားရှင်းပြနိုင်သည်။ အဆိုပါ စည်းမျဉ်း များအရ သင်သည်ဩစတြေးလျားနိုင်ငံသို့ မည်သည့်ပစ္စည်းများကိုသွင်းယူနိုင်ပြီး၊ မည်သည့်ပစ္စည်းများကိုဖြင့်မသွင်းနိုင် ဆိုသည်များ၊ သင်၏အိမ်ထောင်ပရိဘောဂ၊ တိရစ္ဆာန်၊ သားငါး စားဖွယ် စသည်တို့ ကိုတင်သွင်းရန်အတွက်လိုက်နာရမည့် အထူးစည်းကမ်းချက်များ၊ ပေးဆောင်ရမည့် အကောက်ခွန်များကို ဖော်ပြမည် ဖြစ်သည်။သိမှတ်ဖွယ်ရာများ ပိုမိုပြည့်စုံစွာ သိရှိနိုင်ရန် အတွက် အောက်ပါ သတင်းကွန်ရက် တွင် ဖတ်ရှုလေ့လာပါ။ www.customs.gov.au

## ငွေ နှင့် ဘဏ်တိုက် ဆိုင်ရာ။

သင်သည် ခရီးမထွက်မီ ခရီးဆောင်ချက်လက်မှတ် သို့ မဟုတ် အမေရိကန် ဒေါ်လာ၊ ဩစတြေးလျား ဒေါ်လာ စသဖြင့်အခြားလဲလှယ်လွယ်သော ကြေးငွေ ကို ကြိုတင် စီစဉ် ထားသင့်သည်။ ဩစတြေးလျားနိုင်ငံရှိ နိုင်ငံ တကာ လေဆိပ်တိုင်းလိုလိုတွင် နိုင်ငံခြားငွေကို ဩစတြေးလျား ဒေါ်လာငွေနှင့် လဲလှယ်နိုင်ပါသည်။

လူတို့သည် များသောအား ဖြင့် မိမိတို့ပိုင်ငွေကို ဘဏ်တိုက်တွင်သော်လည်းကောင်း ငွေရေးကြေးရေး အဖွဲ့အစည်း တစ်ခုခုတွင် သော်လည်းကောင်း အပ်နှံ ထားတတ်ကြသည်။ သင်သည် ဤနိုင်ငံသို့ ရောက်လာပြီး ရက်သတ္တ ၆ ပတ်အတွင်း အဆိုပါ ဘဏ် စသည့် အဖွဲ့အစည်းတို့တွင် စာရင်းဖွင့် ငွေအပ်နှံမည် ဆိုလျှင် သင်သည် မည်သူမည်ဝါ ဖြစ်ကြောင်း ထင်ရှားပြသရန်အတွက် နိုင်ငံကူးလက်မှတ်သာ လိုပါသည်။ ရက်သတ္တ ၆ ပတ် ကျော်လွန်သွားပါက ဘဏ်စာရင်း ဖွင့်ရန် သင်သည်မည်သူမည်ဝါ ဖြစ်ကြောင်း ထင်ရှား ပြသည့် အခြား စာရွက်စာတမ်းအပိုပါတင်ပြရမည်။

## သယ်ဆောင်ရေး။

လေဆိပ်မှ သင်တည်းခိုမည့် နေရာထိုင်ခင်း ရှိရာသို့ သယ်ယူပို့ဆောင်ပေးရေး ရှာဖွေရပေမည်။ နိုင်ငံတကာ လေဆိပ်တိုင်းနှင့် အခြားလေဆိပ် တော်တော် များများတွင် အငှါးယာဉ်နှင့် ဘတ်စကားများရှိပါသည်။

မော်တော်ယာဉ်ကို ကိုယ်တိုင်မောင်းချင်လျှင်၊ ဩစတြေးလျား ယာဉ်မောင်းလိုင်စင်လိုအပ်ပါသည်။ နိုင်ငံတကာယာဉ်မောင်းလိုင်စင်ပါလာပါက၊ အချိန်အတန်ငယ်မောင်းခွင့်ရှိသည်။ ဤနိုင်ငံမှ ယာဉ်မောင်းလိုင်စင်ရယူရေးအတွက် အနီးဆုံး ပြည်နယ် သို့မဟုတ် နယ်ပယ် သယ်ယူပို့ဆောင်ရေးဌာန သို့ဆက်သွယ်စုံစမ်းပါ။ သက်ဆိုင်ရာဌာန ကို ဒေသန္တရ တယ်လီဖုန်းစာအုပ်တွင် တွေ့ရှိနိုင်ပါသည်။

## နေရာထိုင်ခင်း။

အိမ် / တိုက်ခန်း ငှါးရမ်း သို့မဟုတ် ဝယ်ယူလိုလျှင် ငှါးရန် ရောင်းရန် ရှိသော အိမ်၊ တိုက်ခန်း တို့ကို သတင်းစာကြော်ငြာများတွင်သော်လည်းကောင်း၊ အင်တာနက်တွင်သော်လည်းကောင်း၊ ရှာဖွေတွေ့ရှိနိုင် သည်။ သို့ မဟုတ် အိမ်ပွဲစားများထံ စုံစမ်းနိုင်သည်။ ငှါးလျှင် အိမ် / တိုက်ခန်း ငှါးရမ်းခ တစ်လစာနှင့် ညီမျှ သော အာမခံငွေနှင့် ငှါးရမ်းခ တစ်လစာကို ကြိုတင် ပေးရလေ့ရှိသည်။ ဩစတြေးလျားနိုင်ငံတွင် နေအိမ်ကို ရှာရခက်နိုင်ပြီး ငှါးရမ်းခ ဈေးကြီးနိုင်သည်။

## ပညာသင်ကျောင်း။

အသက် ၅ နှစ်မှ ၁၅ နှစ် အတွင်း ကလေးများကို ကျောင်းမထားဘဲမနေရ ဟူသော စည်းမျဉ်းဥပဒေများ ရှိပါသည်။ အချို့ပြည်နယ်နှင့်ဒေသများတွင် သတ်မှတ် ထားသည့် အသက်အရွယ် အနည်းငယ် ကွာခြားနိုင်သည်။ သင့်အနေနှင့် သင်၏ကလေးများကို ကျောင်းတွင် ကျောင်းတက်ရန် အမြန်ဆုံး စာရင်းသွင်းသင့်သည်။

အသက် ၃ နှစ်မှ ၅ နှစ် အထိ ကလေးများအတွက် မူလတန်းကြိုကျောင်းများလည်း ရှိပါသည်။ ယင်းတို့မှာ များသောအားဖြင့် အချိန်ပြည့်မဟုတ်၊ မသင်မနေရ ဆိုသည့် စည်းမျဉ်းများလည်း မရှိပါ။

ဒေသန္တရ စာသင်ကျောင်းများနှင့်ပတ်သက်လို့သိလိုလျှင်၊ ပြည်နယ် သို့မဟုတ် နယ်ပယ် ပညာရေးဌာန တို့တွင်စုံစမ်းနိုင်သည်။ ဆက်သွယ်နိုင်ရန်အချက်အလက်များကို ဒေသန္တရ တယ်လီဖုန်းစာအုပ်တွင် ရှာဖွေတွေ့ရှိနိုင်ပါသည်။

## ဩစတြေးလျားနိုင်ငံတွင်း စားဝတ်နေရေး ကုန်ကျစရိတ်။

ဩစတြေးလျားနိုင်ငံစားဝတ်နေရေး ကုန်ကျစရိတ်သည် အခြားနိုင်ငံများနှင့်နှိုင်းစာလျှင် အတော် ပင်မြင့်မားသည်။ သင်သည် ဩစတြေးလျားသို့ရောက်ရှိလာပြီး အနည်းဆုံး ၂ နှစ်ကာလအတွင်း မိမိနှင့်မိမိ၏မိသားစုအတွက် မည်ကဲ့သို့ စားဝတ်နေရေးကိစ္စကျခံနိုင်မည်နည်း ဆိုသည်ကို စဉ်းစားထားရန် အရေးကြီးပါသည်။ ရောက်လျှင်ရောက်ချင်း မြန်မြန်ဆန်ဆန် အလုပ်ရရန်လည်း လွယ်ကူမည်မဟုတ်ပါ။

အခြေချနေထိုင်ရန် ပြောင်းရွှေ့ နေထိုင်ခြင်းစရိတ်ဟာ အလွန်ကြီးမြင့်ပါသည်။ ဩစတြေးလျား နိုင်ငံကိုလာဖို့ ခရီးစရိတ်၊ အိမ်ထောင်ပစ္စည်း ပို့ ဆောင်ခ၊ အိုးအိမ်သစ် တည်ထောင်သည့် စရိတ်ပေါင်းလိုက်လျှင် ပေါ်လွင်ထင်ရှားသော စိုက်ထုတ်ရမည့် စရိတ်ပင် ဖြစ်သည်။

နောက်စာမျက်နှာသို့ဆက်ရှု ▶


© COMMONWEALTH OF AUSTRALIA, 2009

## လူမှုဖူလုံရေးမှထောက်ပံ့ကြေးရရှိရန် ၂ နှစ်စောင့်ဆိုင်း ကာလ ။

ဩစတြေးလျားနိုင်ငံသို့ အသစ်ရောက်ရှိလာကြသည့် ပြောင်းရွှေ့နေထိုင်လာကြသူ အများစုသည် ဩစတြေးလျားနိုင်ငံတွင် အမြဲတမ်းနေခွင့်ဗီဇာ ကိုင်ဆောင်လျက် ၂ နှစ်နေထိုင်ပြီးမှ လူမှုဖူလုံရေး ထောက်ပံ့ကြေး အမျိုးအစားများဖြစ်သည့် (နယူးစတတ်ခေါ် အလုပ်လက်မဲ့များ အလုပ်သစ်ရှာစဉ် ထောက်ပံ့ငွေ ၊ သို့မဟုတ် နာဖျားမကျန်းမှု ထောက်ပံ့ကြေး၊) စာသင်သားထောက်ပံ့ငွေ (ဩစတာဒီ သို့မဟုတ် လူငယ်လူရွယ် ထောက် ပံ့ငွေ ၊) ဆေးဝါးများကို ဈေးသက်သက်သာသာ နှင့်ဝယ်ခွင့်ရစေသည့် ကျန်းမာရေးကတ်ပြားစသည့် ထောက်ပံ့ရေးအများစုကို ရနိုင်မည်ဖြစ်သည်။ သက်ကြီးပင်စင်၊ သို့မဟုတ် ကိုယ်လက်မသန် မစွမ်းမှု အတွက် ပင်စင်ရရှိရန်မှာ အများအားဖြင့် ဩစတြေးလျားနိုင်ငံတွင် အမြဲတမ်းနေခွင့်ဗီဇာ ကိုင်ဆောင်သူအဖြစ် ၁၀ နှစ်တိတိ နေထိုင်ပြီးမှ ရရှိနိုင်မည်ဖြစ်သည်။

ဩစတြေးလျားနိုင်ငံတွင် အနည်းဆုံး ပထမ ၂ နှစ် အတွင်း မိမိနှင့် မိမိ၏မှီခိုသူများ စားဖို့သောက်ရာ အတွက် ငွေကြေးအလုံအလောက် ရှိထားဖို့ လိုကြောင်း သဘောပေါက်ထားရန် အထူး အရေးကြီးပါ သည်။ သင့်အတွက် တာဝန်ယူမည့်သူ သို့မဟုတ် အာမခံ ပေးထားသူရှိလျှင် သင်ဩစတြေးလျားသို့ ရောက်မလာ မီ သူတို့ ဘယ်လောက်အထိ ကူညီထောက်ပံ့နိုင်မည် ဆိုသည်ကို ကြိုတင် မေးထားပါ။

## စောင့်ဆိုင်းကာလမှ ကင်းလွတ်ခွင့်။

စောင့်ဆိုင်းချိန်ကာလအတွင်းမှာ မိမိ စီမံထိန်းသိမ်းနိုင်စွမ်း မရှိသော အခြေအနေ ဖြစ်ပေါ်မှု ကြောင့် ဆင်းရဲဒုက္ခ ခံစားနေရသော် ၊ အထူးအကျိုးခံစားခွင့်ခေါ် ထောက်ပံ့ငွေကို ရရှိနိုင်ရန် အလားအလာ ရှိပါသည်။ ဤထောက်ပံ့ကြေး ထုတ်ပေးနိုင်သည့်အခြေအနေများကို အထူးကန့်သတ်ထားသည်။ အလုပ်ရှာမရလို့ ၊ ငွေကုန်သွားပြီ ဆိုတာမျိုးကတော့ ထောက်ပံ့ကြေးရဖို့ အရည်အချင်းပြည့်စေမည့် လုံလောက်သော အကြောင်းပြချက်မဟုတ်ပါ။

ဩစတြေးလျားနိုင်ငံတွင် အမြဲတမ်းနေထိုင်ခွင့်ဗီဇာကို ဆောင်လျက်နေစဉ် သင်သည် မုဆိုးမ၊ မသန်မစွမ်း၊ ယောကျ်ားပစ်သွားလို့ ကလေးကို တစ်ဦးတည်း စောင့်ရှောက်ရသည့်မိခင်၊ သို့မဟုတ် ဇနီးမရှိတော့ သည့်အတွက် ကလေးကို တစ်ဦးတည်း စောင့်ရှောက် ရသည့် ဖခင်၊ ဖြစ်ခဲ့လျှင် ထောက်ပံ့ကြေး သို့မဟုတ် ပင်စင်ကိုခံစားရဖွယ်ရာရှိသည်။ နိုင်ငံတကာ လူမှုဖူလုံရေး သဘောတူညီချက်အရ သင်သည် နိုင်ငံခြားတွင် ခံစားခွင့်ရှိခဲ့လျှင်လည်း ဩစတြေးလျား တွင် နေထိုင်သောကာလ ၁၀ နှစ် မပြည့်သေးသော်လည်း ပင်စင်ရနိုင်ဖွယ်ရှိသည်။ ၂၀၀၉ ခုနှစ် ဇန်နဝါရီလတွင် ဆိုလျှင် ဩစတြေးလျားသည် အခြား ၂၂ နိုင်ငံနှင့် လူမှုဖူလုံရေး စာချုပ် ချုပ်ဆိုထားပါသည်။

ရွှေ့ပြောင်းလာရောက်နေထိုင်သူ သင်သည် ခိုလှုံခွင့်ရရှိ၍ဝင်ရောက်လာသူ သို့မဟုတ် ယင်းခိုလှုံသူ၏အိမ်ထောင်ဖက် သို့မဟုတ်သားသမီး ဖြစ်လျှင်သော်လည်း ကောင်း ၊ ဩစတြေးလျားနိုင်ငံသား သို့မဟုတ် ဩစတြေးလျားနိုင်ငံသား၏ အိမ်ထောင်ဖက် သို့မဟုတ် သားသမီး သော်လည်းကောင်း ၊ သို့မဟုတ် ဩစတြေးလျားနိုင်ငံတွင် အမြဲတမ်းနေထိုင်ခွင့်ရသူဖြစ်ပြီး ဩစတြေးလျား နိုင်ငံတွင် ၂ နှစ်နေခဲ့ဖူးလျှင် လူမှုဖူလုံရေးထောက်ပံ့ကြေးအများစုအတွက် ၂ နှစ် စောင့်ဆိုင်းရခြင်းမှ လွတ်ကင်းနိုင်ဖွယ်ရာရှိပါသည်။

သင်သည် အမြဲတမ်းနေထိုင်ခွင့်ရသူအား ပြုစုနေရလျက် သီးသန့်ပြုစုသူဗီဇာ ကို ကိုင်ဆောင်ထားလျှင် ပြုစုသူလုပ်အားခ အတွက် စောင့်ဆိုင်းကာလ မှ ကင်းလွတ်ခွင့် ရနိုင်ဖွယ်ရာ ရှိပါသည်။ ထို့အပြင် သင်သည် စောင့်ဆိုင်းကာလ သတ်မှတ်ထားခြင်းမရှိသည့် ပြုစုသူအတွက် ထောက်ပံ့ ငွေ ရရှိရန် အရည်အချင်းနှင့် ပြည့်စုံဖွယ်ရာ ရှိပါသည်။

## ကလေးရှိ မိသားစုများအတွက် ထောက်ပံ့ခြင်း။

မှီခိုသည့်ကလေးများပါရှိသော အသစ်ရွှေ့ပြောင်းလာသည့်မိသားစုများအတွက်၊ ကလေးများကို ကျွေးမွေးသုတ်သင်ရန်အလို့ငှါ မိသားစုထောက်ပံ့ကြေး ပေးဖွယ်ရာရှိသည်။ ဤထောက်ပံ့ကြေး အတွက်စောင့်ဆိုင်းရမည့်ကာလ မသတ်မှတ်ထားပါ။ သာမန်အား ဖြင့် အမြဲတမ်းနေထိုင်ခွင့် ဗီဇာ ရထားမှ ထောက်ပံ့ကြေး ရယူခွင့်ရှိပါသည်။ခြွင်းချက်တွေလည်းရှိပါသည်။ ဤမိသား စုထောက်ပံ့ကြေး သည် မိမိ၏ဝင်ငွေကို ဖြည့်စွက်ပေးခြင်းသာဖြစ်ကြောင်း သိထားရန်အရေးကြီးပါ သည်။ ဤထောက်ပံ့ကြေးတစ်ခုတည်း သာဆိုလျှင်မစားလောက်ပါ။

မိသားစု ထောက်ပံ့ရေးတွင် မိသားစု ဝင်ငွေခွန်ဆိုင်ရာ ထောက်ပံ့ရေး အပိုင်း က ၊ မိသားစု ဝင်ငွေခွန်ဆိုင်ရာ ထောက်ပံ့ရေး အပိုင်း ခ ၊ နှင့် ကလေးထိန်းအတွက် ထောက်ပံ့ကြေးနှင့် ဝင်ငွေခွန် ဆိုင်ရာ ကလေးထိန်း ထောက်ပံ့ရေး တို့ ပါဝင်ပါ သည် ။ မိသားစုဝင်ငွေဆိုင်ရာ ထောက်ပံ့ကြေးအဖြစ် ရပိုင်ခွင့် ရှိသည့် ငွေကြေး အရေအတွက်မှာ မိသားစု၏ ကလေး အသက် နှင့် ကလေး အရေအတွက်အပေါ် နှင့် မိသားစု၏ လက်ရှိ ဘဏ္ဍာရေးနှစ်အတွင်း တစ်နှစ်စာ စုစုပေါင်း ဝင်ငွေ အပေါ် မူတည်၍ တွက်ချက်ရပါ သည်။ ကလေးထိန်းအတွက် ထောက်ပံ့ကြေးသည် မိမိ၏ကလေးကို နေ့ကလေးထိန်းဌာန များတွင် အပ်နှံ ရာမှ ပေးရသည့်စရိတ်ကို ဖြည့်စွက်ပေးရန် ဖြစ်သည်။ ရရှိမည့် ကလေးထိန်းထောက်ပံ့ကြေး အရေအတွက်က မိသားစု၏ လက်ရှိ ဘဏ္ဍာ ရေးနှစ် အတွင်း တစ်နှစ်စာ စုစုပေါင်းဝင်ငွေ နှင့် အပ်သည့် ကလေးထိန်းဌာန (အသိအမှတ် ပြု၊ သို့မဟုတ် မှတ်ပုံတင်ထား သည့်ဌာန )အပ်ထားသည့်ကလေးဦးရေ၊ သင့်အနေနှင့်အဘယ်အကြောင်းကြောင့် ကလေးထိန်းဌာန ကိုသုံးရသည်၊ အပ်ထားသည့်နာရီ စသည့်တို့ အပေါ် မူတည်မည် ဖြစ်သည်။ သင်သည် ကလေးပြုစု စောင့်ရှောက်ရေး ထောက်ပံ့ကြေး ရရှိရန် အရည်အချင်း ပြည့်စုံဖို့အတွက် သင်၏ကလေးသည် လိုအပ်သည့် ရောဂါကာကွယ်ဆေးများ အပြည့်အစုံ ထိုးထားပြီး ဖြစ်ရမည်။ သို့မဟုတ် ရောဂါကာကွယ်ဆေး ထိုးခြင်းမှ ကင်းလွတ်ခွင့် ရှိရပါမည်။

၂၀၀၈ ခုနှစ် ဇူလိုင်လ ၁ ရက်မှစ၍ ဝင်ငွေခွန်ဆိုင်ရာ ကလေးထိန်း ထောက်ပံ့ရေးသည် သင့်ကုန်ကျစရိတ် (ကလေးထိန်းခ အဖြစ် ပေးရသည့်ငွေမှ ကလေးပြုစု စောင့်ရှောက်ရေး ထောက်ပံ့ကြေး နုပ်ပြီး ကျန်သည့်ငွေ)၏ ၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ တိုးပေးလိုက်ပြီ ဖြစ်ရာ ကလေး တစ်ယောက်လျှင် တစ်နှစ် ဩစတြေးလျားဒေါ်လာ ၇၅၀၀ (ညွှန်ပြထားသည်)။ တစ်နှစ်တစ်ကြိမ် အစား သုံးလ တစ်ကြိမ်လည်း ထုတ်ပေးဖွယ်ရာ ရှိသည်။ သင်သည် အသိအမှတ်ပြု ကလေးထိန်းကိုသုံးလျက်၊ ကလေးထိန်းအတွက် ထောက်ပံ့ကြေး ခံစားရန် အရည်အချင်း နှင့် ပြည့်စုံပြီး သင်နှင့် သင်၏ ခင်ပွန်း သို့မဟုတ် ဇနီး အလုပ်၊ လေ့ကျင့်ရေး၊ ပညာသင် စာမေးပွဲ အောင်မြင်လျှင် ဝင်ငွေခွန်ဆိုင်ရာ ကလေးထိန်းထောက်ပံ့ရေးကိုပါခံစားခွင့်ရနိုင်သည်။ သင်သည် ကလေးပြုစု စောင့်ရှောက်ရေး ထောက်ပံ့ကြေး ရပိုင်ခွင့်ရှိလျက် ဝင်ငွေကြောင့် ထောက်ပံ့ကြေးမှာ သုည သာဖြစ်နေလျှင် ဝင်ငွေခွန် ဆိုင်ရာ ထောက်ပံ့ကြေးကို ခံစားခွင့်ရှိနေသေးသည်။

နို့စို့ကလေးသူငယ်ရှိသောမိသားစုများကို အကူအညီ တိုးပေးရန်အတွက် ထောက်ပံ့ကြေး ၂ မျိုးထပ်မံရှိသေး သည်။ နို့စို့ ကလေးသူငယ်အတွက်အပိုပေးသောငွေသည် မွေးဖွါးခါစ ကလေးအတွက် ပိုမိုကုန်ကျရသော စရိတ် နှင့်စပ်လျဉ်း၍ ကူညီရန်ဖြစ်သည်။။ မိခင်နှင့်ရောဂါ မစွဲကပ်နိုင်အောင်ကာကွယ်ဆေးထိုးခြင်းဆိုင်ရာ ထောက်ပံ့ ကြေးမှာ လိုအပ်သည့် ကာကွယ်ဆေး များ အပြီးထိုးပြီးသော ကလေးများ၊ သို့မဟုတ် ဆေးထိုးရန် မလိုအပ်ဟုသတ်မှတ်ထားသည့်ကလေးများ ရှိသည့် မိသားစုကို သီးခြား ပေး သော ထောက်ပံ့ ကြေးဖြစ်သည်။

ဩစတြေးလျားနိုင်ငံအတွင်းတွင် မိသားစုကို ကူညီ ထောက်ပံ့ရေးရုံးကို မယ်ဒီကဲရုံးတိုင်း နှင့် စင်တာလင့် ဖေါက်သည်များ ဝန်ဆောင်မှုရုံးတိုင်းတွင် တွေ့ရှိနိုင်ပါသည်။ နောက်ထပ်သတင်း အချက်အလက်များ အောက်ပါတို့တွင် ရရှိနိုင်သည်။

| | |
|---|---|
| သတင်းကွန်ရက် | www.familyassist.gov.au |
| တယ်လီဖုန်း | ၁၃၆ ၁၅၀ ( ဩစတြေးလျား အတွင်း) |
| | ၁၃၁ ၂၀၂ (အင်္ဂလိပ် ဘာသာစကားမှအပ ၊ အခြားဘာသာစကားဖြင့်သိလိုလျှင်။) |

သူငယ်တန်း၊ ကလေးဘဝ အထွေထွေ ပညာသင်ကြားရေး နှင့် ကလေးပြုစု စောင့်ရှောက်ရေး ဆိုင်ရာ အချက်အလက်များကိုအောက်တွင်ရှုပါ။

| | |
|---|---|
| သတင်းကွန်ရက်။ | www.mychild.gov.au |
| တယ်လီဖုန်း။ | ၁၃၃ ၆၈၄ (ဩစတြေးလျားအတွင်း) |

## လူမှုဖူလုံရေးဆိုင်ရာ အကြောင်းခြင်းရာများ ပို၍သိလိုသေးလျှင်၊

အစိုးရ က သတ်မှတ်ထားသည့် လူမှုရေး၊ စီးပွားရေး အကျိုးသက်ရောက်မှု ရရှိအောင်မြင်ရေးအတွက် ဝိုင်းဝန်းကူညီသည့် အနေနှင့် စင်တာလင့်သည် လူတွေကို ကိုယ့်ကိုယ်ကို ယုံကြည်အားကိုးသူများ ဖြစ်လာ အောင် ကူညီပြီး၊ အကူအညီ လိုအပ်သူများကို ထောက်ပံ့ ပါသည်။ စင်တာလင့်မှ ကြီးကြပ် စီမံခန့်ခွဲရသည့် ထောက်ပံ့ကြေး ရပိုင်ခွင့်အားလုံးတို့ကို ထိခိုက်နိုင်သည့် စည်းမျဉ်းများ များစွာရှိပါ သည်။ ဤနေရာတွင် ဖေါ်ပြ ထားသည့် အချက်အလက်များသည် ယေဘုယျ လမ်းညွှန်မှုသာ ဖြစ်ရာ သင်၏လိုအပ်ချက် အတိအကျ အသေးစိတ်တို့ကို စင်တာလင့်နှင့် သွားရောက် ဆွေးနွေး ရမည် ဖြစ်ပါ သည်။

သင်သည် စင်တာလင့်ရုံးများတည်ရှိရာ နေရာများနှင့် တယ်လီဖုန်းနံပါတ်များကို ဒေသန္တရ တယ်လီ ဖုန်းစာအုပ်များတွင် ရှာဖွေလိုက်လျှင် တွေ့ ရှိနိုင်ပါသည်။ တယ်လီဖုန်း နံပါတ် ၁၃၁ ၂၀၂ ကိုဆက်လျှင် စင်တာလင့်ဝန်ထမ်းများ အနေနှင့် သင်၏ မေးခွန်းများကို အင်္ဂလိပ်ဘာသာစကား မဟုတ်သည့် အခြားဘာသာစကားနှင့် ဖြေဆိုပါလိမ့်မည်။ ဤတယ်လီဖုန်း နံပါတ်သည် အခ ကြေးငွေ အတွက် ဘာသာပြန်ပေးသော စကားပြန်အဖွဲ့ ၏ နံပါတ်မဟုတ်ပါ။ ဤနံပါတ်သို့ ဩစတြေးလျား နိုင်ငံ မည်သည့်အရပ်ဒေသမှ ဖြစ်စေ ဆက်ခေါ်လျှင် မြို့နယ်အတွင်းဆက်လျှင်ပေးရသည့် နှုန်း ကိုသာ ပေးရပါမည်။ ပိုက်ဆံပေး၍ ဆက်ရသော အများသုံးတယ်လီဖုန်း သို့ မဟုတ် မိုဘိုင်းတယ်လီ ဖုန်းတို့ မှ ဆက်လျှင် အနည်းငယ် ပို၍ ကျသင့်မည် ဖြစ်ပါသည်။

သင်သည် ဩစတြေးလျားနိုင်ငံသို့ မရောက်လာမီ လူမှုဖူလုံရေး ထောက်ပံ့မှု နှင့် နိုင်ငံတကာ သဘောတူညီ စာချုပ်များ အကြောင်း ပိုမိုပြည့်စုံစွာ သိလိုလျှင် ၊

| | |
|---|---|
| သတင်းကွန်ရက် | www.centrelink.gov.au |
| စာတိုက် | Centrelink International Services<br>GPO Box 273<br>HOBART TAS 7001<br>AUSTRALIA |
| တယ်လီဖုန်း | ၁၃၁ ၆၇၃ (ဩစတြေးလျားအတွင်း စင်တာလင့် နိုင်ငံတကာ ဝန်ဆောင်မှုများ)<br>၁၃၁ ၂၀၂ (အင်္ဂလိပ် ဘာသာစကား မှအပ အခြားဘာသာ စကား ဖြင့် မေးမြန်းစုံစမ်းရန် )<br>(ဩစတြေးလျားနိုင်ငံ ပြင်ပမှ) တယ်လီဖုန်းနံပါတ် ၆၁၃ ၆၂၂၂ ၃၄၅၅ သို့ဆက်မေးနိုင်ပါသည်။<br>(**သတိ၊** သင်သည် ဩစတြေးလျား ပြင်ပ မှ စင်တာလင့်ရုံးကို ဖုန်းဆက်လိုလျှင် အခမဲ့ ဆက်နိုင်သည့် တယ်လီဖုန်း နံပါတ်များကို စင်တာလင့် ၏ သတင်းကွန်ရက်တွင် ရရှိနိုင်ပါသည်။ |



© COMMONWEALTH OF AUSTRALIA, 2009

## ကျန်းမာရေး။

ဩစတြေးလျားနိုင်ငံအစိုးရသည် ဆေးဝါးဝယ်ယူခြင်းနှင့်ဆေးရုံတက်ရခြင်းအတွက် ကုန်ကျစရိတ်များနှင့်စပ်လျဉ်း၍ ကူညီထောက်ပံ့ရန်အတွက် "မယ်ဒီကဲ" ဟုခေါ်တွင်သောစီမံကိန်းတစ်ရပ်ကို စီစဉ်ဖွဲ့စည်းထားသည်။ ထို့အပြင် အစိုးရ သည် ပြည်သူပြည်သားတို့ ဆေးဝါး အများစုကို ဈေးသက်သာစွာနှင့် ဝယ်ယူသုံးစွဲနိုင်အောင် ၊ ဆေးအမျိုးမျိုးဖေါ်စပ်ခြင်းနှင့်ပတ်သက်သော ထောက်ပံ့ရေးစီမံကိန်း ( ပီဘီအက်စ် ) အရ အမတော်ငွေ ထောက်ပံ့သည်။ မယ်ဒီကဲ နှင့် ပီဘီအက်စ် တို့ကို "မယ်ဒီကဲ ဩစတြေးလျား" မှကြီးကြပ်စီမံခန့်ခွဲသည်။

သင်သည် မယ်ဒီကဲ တွင် အမည်စာရင်းသွင်းရန် သတ် မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံခြင်း ရှိမရှိ သိရ အောင် သင်၏အရပ်ရှိ မယ်ဒီကဲ ရုံးသို့ မိမိ၏နိုင်ငံကူး လက်မှတ်၊ ခရီးဆောင်စာရွက်စာတမ်းများနှင့် အမြဲတမ်း နေထိုင်ခွင့် ဗီဇာ ကိုကိုင်ဆောင်လျက် သွားရောက်စုံစမ်းပါ။ သင်သည် အမြဲတမ်းနေထိုင်ခွင့်ဗီဇာ ကိုင်ဆောင်ထားသူမဟုတ်လျှင် သင်လျှောက်ထားသည့် အမြဲတမ်းနေထိုင်ခွင့်ဗီဇာ သို့မဟုတ် အခြားပြောင်းရွှေ့ နေထိုင်ခွင့်ဗီဇာဆိုင်ရာ အသေးစိတ် အချက်အလက်များကိုပါ တင်ပြရန် လိုအပ်ပါမည်။

ယာယီဗီဇာ ကိုင်ဆောင်ထားသူ အများစု တို့သည် မယ်ဒီကဲတွင် စာရင်းသွင်းရန် သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံခြင်း မရှိပေ။ သို့သော် ခြွင်းချက်များလည်းရှိပါသည်။ ဥပမာ ပြရလျှင် အမြဲတမ်း နေထိုင်ခွင့် ဗီဇာကို လျှောက်ထား ပြီး သတ်မှတ်ချက်နှင့် ကိုက်ညီသူတို့အတွက် ခြွ င်းချက်ထားတတ်သည်။ သင်သည် ရပိုင်ခွင့် ရှိမရှိ သိလိုလျှင် သင့်အရပ်ရှိ မယ်ဒီကဲရုံးသို့သွားရောက်စုံစမ်းသင့်သည်။ လိုအပ်သည်ဟု သတ်မှတ်ထားသော အရည်အချင်း အားလုံး ပြည့်စုံပါက သင့်အား ယာယီ မယ်ဒီကဲ ကပ်ပြားနံပါတ်ကို အသုံးပြုရန် သင့်အား ပြောပြသင့်ကပြောပြလိမ့်မည်ဖြစ်ပြီး သင်၏ ကပ်ပြားသည် ရက်သတ္တ သုံးပတ်လောက်အချိန်တွင် သင့်ထံ စာတိုက်မှ ရောက်လာမည်ဖြစ်သည်။ များသောအားဖြင့် သင်သည် ဆေးကုသခြင်းအတွက် ငွေ ပေးချေရလိမ့်မည်။ နောက်မှ ပေးချေလိုက်ရသည့်ငွေ၏ တစ်စိတ် တစ်ဒေသကို ပြန်ထုတ်ပေးလိမ့်မည်။

မယ်ဒီကဲ ဩစတြေးလျားသည် ဩစတြေးလျား ကလေးများ ရောဂါကာကွယ်ရေးဆေးထိုးစာရင်းသွင်းမှတ်ပုံတင်စာအုပ် ကိုလည်း စီမံအုပ်ချုပ်ရသည်။ သင့်ထံတွင် အသက် ၇ နှစ် ထက်ငယ်သော ကလေး ရှိလျှင် ၊ ဩ စတြေးလျားသို့ ဝင်လာသောအခါ ကလေး ကာကွယ်ဆေးထိုးထားသည့် မှတ်တမ်းများကို တခါတည်း ပါအောင် သယ် ဆောင်လာပါ။ ဒါမှ သင်၏ ဩစတြေးလျားဆရာဝန်က ကာကွယ်ဆေးထိုးထားတာ ခေတ်မီ မမီဆိုသည်ကို ဆုံးဖြတ်နိုင်မည်ဖြစ်သည်။ ထိုအချက်သည် မိသားစုဆိုင်ရာအစိုးရထောက်ပံ့ကြေး အချို့အတွက် လိုအပ်ချက်ပင်ဖြစ်ပါသည်။

မယ်ဒီကဲ ဩစတြေးလျားသည် ဩစတြေးလျား ကိုယ်အင်္ဂါ အစိတ်အပိုင်း အလှူ ရှင် မှတ်တမ်း (အလှူရှင်မှတ်တမ်း) ကိုလည်း ကြီးကြပ်စီမံ ခန့်ခွဲရပါ သည်။ အသက် ၁၆ နှစ် ပြည့်ပြီးသောသူ အနေနှင့် မိမိ၏ကိုယ်အင်္ဂါ အစိတ်အပိုင်းလှူရန် သဘောတူ ခွင့်ပြုချက် (သို့ မဟုတ် လှူခြင်းကို ကန့်ကွက်ဆန့်ကျင်ချက်) ကို အလှူရှင် မှတ်တမ်းတွင် မှတ်တမ်း တင် ထားနိုင်ပါသည်။ စိုးရိမ်ဖွယ်ရာ သေရေးရှင်ရေး အန္တရာယ် ဖြစ်စေသည့် အနာရောဂါ မျိုး ခံစားနေရသော သူများအတွက် နှလုံး၊ ကျောက်ကပ်၊ အသားမျှင် စသည့်ကိုယ်အင်္ဂါ အစိတ်အပိုင်း ခွဲစိတ် အစားထိုးပေးခြင်းဖြင့် တစ်ဖန် အသက် ပြန်ရှည်ဖွယ် အလားအလာ ရှိလာ နိုင်သည်။

ထို့အပြင် မယ်ဒီကဲ ဩစတြေးလျားသည် မိသားစု ထောက်ပံ့ကြေး နှင့် ဝန်ဆောင်မှုများကိုပါ ပေးပါသည်။ သင်၏ အရပ်ဒေသရှိ မယ်ဒီကဲရုံးမှ ထုတ်ပေးနိုင်သည့် ထောက်ပံ့မှုများတွင် မိသားစု ဝင်ငွေခွန်ဆိုင်ရာ ထောက်ပံ့ရေး၊ မွေးစကလေးအတွက် အပိုပေးငွေ ၊ ကလေးထိန်းအတွက်ထောက်ပံ့ကြေး၊ သားဖွား အတွက် ထောက်ပံ့ကြေး၊ နှင့် သားဖွားကာကွယ်ဆေးထိုးရန်အတွက် ထောက်ပံ့ကြေးတို့ပါဝင်ပါသည်။

မယ်ဒီကဲ ဩစတြေးလျားထံတွင် ဘာသာစကားပေါင်း ၁၉ မျိုးသို့ ပြန်ဆိုထားသည့် ဗဟုသုတ ပေး အထုပ်ရှိပြီး အင်္ဂလိပ်ဘာသာပုံနှိပ်စာလုံးကြီး၊ မျက်မမြင်သုံးစာ၊ အသံထွက် ကွန်ပြူတာစီဒီနှင့် ကက်ဆက်ခွေ အဖြစ်နှင့်လည်း ရနိုင် ပါသည်။ ယင်းအထုပ်ပါ စာရွက်စာတမ်းများတွင် မယ်ဒီကဲ ဩစတြေးလျား ၏ ဆောင်ရွက်မှုများအကြောင်း၊ အထောက်အကူရရှိရေး နှင့် ငွေကြေးရရေးအတွက် သတ်မှတ်ထားသည့် အရည်အချင်း စသည်တို့ကို ရှင်းပြ ထားပါသည်။ အဆိုပါ စာရွက်စာတမ်းများကို မယ်ဒီကဲ ဩစတြေးလျား ၏ သတင်းကွန်ရက်မှသော်လည်းကောင်း သင်၏ အရပ်ရှိ မယ်ဒီကဲရုံးမှ သော်လည်းကောင်း ၊ ရွှေ့ပြောင်း လာရောက်နေထိုင်သူများ အကူအညီ ရရှိရာဌာနမှ သော် လည်းကောင်း ရရှိနိုင်သည်။

ပိုမိုသိလိုသေးလျှင်

| | | |
|---|---|---|
| သတင်းကွန်ရက် | www.medicareaustralia.gov.au | |
| အီး မေး(လ်) | info@medicareaustralia.gov.au | |
| တယ်လီဖုန်း။ | ၁၃၂ ၀၁၁* | မယ်ဒီကဲ |
| | ၁၈၀၀ ၀၂၀ ၆၁၃** | ဆေးအမျိုးမျိုးဖေါ်စပ် ခြင်းနှင့် ပတ်သက် သော ထောက်ပံ့ရေးစီမံကိန်း |
| | ၁၈၀၀ ၆၅၃ ၈၀၉** | ဩစတြေးလျား ကလေးများ ရောဂါ ကာကွယ်ရေးဆေးထိုး စာရင်းသွင်း မှတ်ပုံတင်စာအုပ် |
| | ၁၈၀၀ ၇၇၇ ၂၀၃** | ဩစတြေးလျား ကိုယ်အင်္ဂါ အစိတ်အပိုင်း အလှူရှင် မှတ်ပုံတင်စာအုပ် |
| | ၁၃၁ ၄၅၀* | တယ်လီဖုန်း ဘာသာပြန် စကားပြန် အဖွဲ့ |
| စာတိုက် | Medicare Australia<br>GPO Box 9822<br>သင်၏ မြို့တော်တွင | |

---

* တယ်လီဖုန်းဆက်ခ ပေးရပါမည်။

** မိုဘိုင်းတယ်လီဖုန်း သို့မဟုတ် ပိုက်ဆံထည့်၍ ဆက်ရသော တယ်လီဖုန်းများမှဆက်မှသာ ဆက်ခ ပေးရမည်။

## ပုဂ္ဂလိက ကျန်းမာရေး အာမခံ။

ဩစတြေးလျားနိုင်ငံသားအများအပြားတို့သည် ပုဂ္ဂလိကကျန်းမာရေး အာမခံ ထားကြသည်။ အဆိုပါ အာမခံအနေနှင့် ပုဂ္ဂလိကပိုင်ဆေးရုံတွင်ဖြစ်စေ အစိုးရ ဆေးရုံတွင်ဖြစ်စေ သင်သည်လူနာအဖြစ် ကုသမှုခံယူ ရသောကြောင့် ကျသင့် သည့်စရိတ်အားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်း ကိုပေးချေလိမ့်မည်။ မယ်ဒီကဲမှ ထောက်ပံ့ကြေးမပေးသော သွားဖက်ဆိုင်ရာ ကုသ ပြုပြင်မှု ၊ မျက် စေ့ဆိုင်ရာစမ်းသပ်မှု မျက်မှန်လုပ်ခြင်း တို့ အတွက်ကုန်ကျစရိတ်ကိုပါ ကျခံ ပေးတတ်ပါသည်။ သင်သည် ပုဂ္ဂလိကကျန်းမာရေး အာမခံထားရန် ရည်ရွယ်ပါက အောက်ပါတို့ကို သိထားသင့်သည်။

၁။ ဝင်ငွေခွန် ၃၀ ရာခိုင်နှုန်း ထောက်ပံ့ရေး။ သင်သည် မယ်ဒီကဲ ခံစားခွင့်ရှိပြီး ဆေးရုံတက် ကုသမှု၊ သာမန်ဆေးကုသမှု၊ (အခြားအပိုကုသမှု) တို့အတွက် ကျန်းမာရေးအာမခံ ထားရှိလျှင် ၃၀ ရာခိုင်နှုန်း ထောက်ပံ့ကြေးကို သင့်အနေနှင့် တောင်းခံခွင့်ရှိသည်။ ယင်းထောက်ပံ့ကြေးသည် များသောအားဖြင့် သင်၏ ပုဂ္ဂလိက ကျန်းမာရေး အာမခံအတွက် ကုန်ကျစရိတ်၏ ၃၀ ရာခိုင်နှုန်းကို ပြန်လည် ပေးပါလိမ့်မည်။ (အသက် ၆၅ နှစ် မှ ၆၉ နှစ် ရှိသူများအတွက် ဝင်ငွေခွန် ထောက်ပံ့ကြေးမှာ ၃၅ ရာခိုင်နှုန်းဖြစ်ပြီး အသက် ၇၀ နှစ် ကျော်သူများအတွက် ထောက်ပံ့ကြေးမှာ ၄၀ ရာခိုင်နှုန်း ဖြစ်ပါသည်။)

၂။ မယ်ဒီကဲ အခွန်အပေါ် ထပ်ဆင့် ကောက်ခံသည့် ဒဏ်ကြေး - ဩစတြေးလျားနိုင်ငံသား အများစုတို့ ဝင်ငွေခွန် ပေးဆောင်ရာတွင် မယ်ဒီကဲ အတွက် စည်းကြပ်သည့်အခွန်ကိုပါ ပေးဆောင်ရပါသည်။ မယ်ဒီကဲ အပေါ် ထပ်ဆင့်ကောက်ခံသည့်ဒဏ်ကြေး ဆိုသည်မှာ သတ်မှတ်ထားသည့် ဝင်ငွေရှိလျက် သက်ဆိုင်ရာဆေးရုံစရိတ် အာမခံ မထားသည့်သူများအား ဒဏ်ကြေးအနေဖြင့် ၁ ရာခိုင်နှုန်း ပိုပြီးကောက်ခံသော အခွန်ငွေဖြစ်သည်။ သတ်မှတ်ထားသည့် တစ်နှစ်အတွက် ဝင်ငွေမှာ အိမ်ထောင်ဖက်မရှိ တစ်ကိုယ်တည်းနေသူအတွက် ဩစတြေးလျား ဒေါ်လာ ၇၀, ၀၀၀ နှင့် အိမ်ထောင်သည် ၂ ဦး သို့မဟုတ် မိသားစု အတွက် ဩစတြေးလျား ဒေါ်လာ ၁၄၀, ၀၀၀ ဖြစ်သည်။ ဤသတ်မှတ်ထားချက်များကို နောင်ကာလတွင် လစာငွေ အပြောင်းအလဲများနှင့် ကိုက်ညီအောင် သတ်မှတ်သွားမည် ဖြစ်သည်။

၃။ ရာသက်ပန် ကျန်းမာရေးအာမခံ - ရာသက်ပန် ကျန်းမာရေးအာမခံ (အယ်လ်အိတ်ချ်စီ)ဆိုသည်မှာ ပုဂ္ဂလိက ဆေးရုံစရိတ်ဆိုင်ရာ ကျန်းမာရေးအာမခံ အတွက် အခြေခံအာမခံကြေးထက် ငွေပို၍ ပေးဆောင် ရသည့် ဒဏ်ကြေးဖြစ်ပါသည်။ အယ်လ်အိတ်ချ်စီ ဒဏ်ကြေးကို ကင်းလွတ်လိုလျှင် ဆေးရုံစရိတ် အာမခံ ကို အယ်လ်အိတ်ချ်စီ က သတ်မှတ်ထားသည့် နေ့ရက် မတိုင်မီ ပေးဆောင်ထားပြီး ဖြစ်ရမည်။ သတ်မှတ်ထားသည့် နောက်အကျဆုံး နေ့ရက်မှာ သာမန်အားဖြင့် သင်၏ ၃၁ နှစ်မြောက်မွေးနေ့ ပြည့်ပြီး နောက် ရောက်လာသည့် ဇူလိုင်လ ၁ ရက်နေ့ ဖြစ်သည်။ သို့သော် သင်သည် ဩစတြေးလျားနိုင်ငံသို့ အသစ်ရောက်ရှိလာသော အခြေချ နေထိုင်ရန် ပြောင်းရွှေ့လာသူဖြစ်လျှင်၊ သင်ဩစတြေးလျားသို့ရောက်ချိန် သင်၏အသက်ပေါ် မူတည်၍ အယ်လ်အိတ်ချ်စီ သတ်မှတ်သည့် နောက်ဆုံးနေ့မှာ ပို၍နောက်ကျသွားနိုင်ပါသည်။ ၊

သင်သည် ဆေးရုံစရိတ် အာမခံကို သတ်မှတ်ထားသည့် အချိန်ကာလ ကျော်လွန်ပြီးမှ စတင်ထားရှိလျှင်၊ ရာသက်ပန် ကျန်းမာရေးဒဏ်ကြေး ပေးဆောင်ရမည်ဖြစ်သည်။ ယင်းဒဏ်ကြေးမှာ သာမန်ပေးဆောင် ရသည့် အာမခံကြေးအပြင်၊ အသက် ၃၀ ထက် ကျော်လွန်သွားသည့် နှစ်များအတွက် တစ်နှစ်လျှင် အာမခံကြေး၏ ၂ ရာခိုင်နှုန်း ပို၍ ပေးဆောင်ရမည်ဖြစ်သည်။ ဥပမာ ပြရလျှင် သင်သည် အသက် ၄၀ ပြည့်သည်အထိ စောင့်ပြီးမှ အာမခံ ထားလျှင် အာမခံကြေး၏ ၂၀ ရာခိုင်နှုန်းကို အပို ပေးဆောင်ရမည်ဖြစ်သည်။

အသက် ၃၁ နှစ်ပြည့်ပြီးကြသည့် ဩစတြေးလျား နိုင်ငံသို့ အသစ်ရောက်ရှိလာသော အခြေချနေထိုင်ရန် ပြောင်းရွှေ့လာသူများအနေနှင့် မယ်ဒီကဲ ခံစားခွင့်အတွက် စာရင်းသွင်းသည့်နေ့မှစ၍ တနှစ်အတွင်း ပုဂ္ဂလိက ဆေးရုံစရိတ် အာမခံ ထားလျှင် ငွေအပို ပေးဆောင်ရန် မလိုပါ။ သင်သည် မယ်ဒီကဲ အတွက် စာရင်းသွင်းပြီး တနှစ်အတွင်း ဆေးရုံစရိတ် အာမခံ ထားရှိရန် စဉ်းစားဆုံးဖြတ် ဖို့ အရေးကြီးပါသည်။ သင်သည် မယ်ဒီကဲ အတွက် စာရင်းသွင်းပြီးနောက် ၁၂ လ ကျော် ကြာအောင် အာမခံ မထားဘဲနေလျှင်၊ သင်အာမခံ ထားလို သည့်အခါ အာမခံကြေးအပြင် အယ်လ်အိတ်ချ်စီ ဒဏ်ကြေးကိုပါ ပေးဆောင်ရပါမည်။ သင်ဩစတြေးလျားသို့ ရောက်လာချိန်တွင် အသက် ၃၁ နှစ် မပြည့်သေးလျှင် သင်၏ ရာသက်ပန် ကျန်းမာရေး ဒဏ်ကြေးမှာ အခြား အများပြည်သူအတိုင်းပင်ဖြစ်ပါသည်။ (၃၁ နှစ်မြောက်မွေးနေ့ ကျရောက်ပြီးသည့်နောက် ရောက်ရှိလာသည့် ဇူလိုင်လ ၁ ရက်နေ့)

ပုဂ္ဂလိက ကျန်းမာရေးအာမခံ အကြောင်း ပိုမိုသိလိုလျှင် အောက်ပါတို့ မှ ရရှိနိုင်ပါသည်။

| | |
|---|---|
| သတင်းကွန်ရက် | www.privatehealth.gov.au |
| အီးမေးလ် | privatehealth@health.gov.au |
| စာတိုက် | MDP 86<br>Department of Health and Ageing<br>GPO Box 9848<br>CANBERRA  ACT  2601<br>AUSTRALIA |

နောက်စာမျက်နှာသို့ဆက်ရှု ▶

## ဩစတြေးလျားနိုင်ငံတွင်း အလုပ်အကိုင်။

ဩစတြေးလျားတွင် အလုပ်ရရှိရေးအတွက် ပြိုင်ဆိုင်မှုလွန်ကဲသည်။ ဩစတြေးလျားနိုင်ငံအတွင်း အလုပ်ခန့်ခြင်းသည်လည်း လုပ်လိုသည့် အလုပ် အမျိုးအစား၊ နိုင်ငံအတွင်း အရပ်ဒေသ တစ်ရပ် နှင့် တစ်ရပ် အခြေအနေကွာခြားမှု စသဖြင့် စီးပွားရေး အခြေအနေ အမျိုးမျိုးပေါ် အများကြီး တည်နေသည်။ **ဩစတြေးလျားနိုင်ငံသို့ လာရောက်နေထိုင်ခွင့် ရရှိသည့်** အထူးကျွမ်းကျင်သူဟု သတ်မှတ်ခြင်းခံရသူပင်လျှင် အလုပ်ရလိမ့်မည်ဟု အာမခံခြင်း မဟုတ်ပေ။

၂၀၀၈ ခုနှစ် ဒီဇင်ဘာလ အတွင်း ဩစတြေးလျား အလုပ်လက်မဲ့နှုန်းသည် ၄ ရာခိုင်နှုန်း ဖြစ်လေသည်။ ၁၉၉၇ ခုနှစ် နိုဝင်ဘာလ မှ ၂၀၀၇ ခုနှစ် အထိ ကာလ အတွင်း ပြောင်းရွှေ့ရောက်ရှိလာသူများအနက် အလုပ်လက်မဲ့နှုန်းမှာ ၅ ရာခိုင်နှုန်း ရှိသည်ဟု (မူလအချက်အလက်) တွင် ခန့်မှန်းထားသည်။ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ တွင် အင်္ဂလိပ်ဘာသာစကား အဓိက ပြောကြားသောနိုင်ငံများမှ ပြောင်းရွှေ့ရောက်ရှိလာခါစ လူများအနက် အလုပ်လက်မဲ့နှုန်းမှာ ၄ ရာခိုင်နှုန်း ဖြစ်ပြီး အခြားနိုင်ငံများတွင် ဖွားမြင်သူများအနက် အလုပ်လက်မဲ့နှုန်းမှာ ၅.၇ ရာခိုင်နှုန်း ဖြစ်ပါသည်။ များသောအားဖြင့် ဩစတြေးလျားနိုင်ငံသို့ အခြေချ နေထိုင်ရန် ရောက်ရှိလာပြီး အချိန်အတန်ကြာသည့်နောက် အလုပ်လက်မဲ့နှုန်းသည် ပို၍ပင် လျော့နည်းသွားတတ်သည်။ ထိုနည်းအတူပင် လုပ်ငန်းကျွမ်းကျင်သူအဖြစ် ဩစတြေးလျားနိုင်ငံသို့ ရောက်လာကြသူ အတန်းအစားက အခြားဗီဇာ အတန်းအစားဖြင့် ဝင်ရောက်လာသူများထက် အလုပ်လက်မဲ့နှုန်း နည်းပါးပါသည်။

ဩစတြေးလျားနိုင်ငံသို့ ထွက်ခွါမလာမီ သင်လုပ်လိုသည့်အလုပ်အတွက် လိုအပ်ချက် ၊ စည်းကမ်းချက်များ ရှိမရှိ စုံစမ်းထားသင့်သည်။ ဩစတြေးလျားနိုင်ငံတွင် အလုပ်လျှောက်ထားသူများသည် ပြည်နယ် သို့ မဟုတ် ဒေသ အာဏာပိုင်ထံ မှတ်ပုံတင်ရန် ၊ လိုင်စင်ခံယူရန် အရည်အချင်းရှိရ ပါမည်။ သို့ မဟုတ် အသက်မွေးဝမ်းကျောင်းလုပ်ငန်း စက်မှုလုပ်ငန်း အဖွဲ့ အစည်းများတွင် အဖွဲ့ဝင်ဖြစ်ရန်လိုမည်။

သင်လုပ်လိုသည့်အလုပ်အတွက် လျှောက်ထားရာမှာ မှတ်ပုံတင်ရန် သို့မဟုတ် လိုင်စင်ခံယူရန် စည်းကမ်း ချက်များ ရှိမရှိ စုံစမ်းထားသင့်သည်။ မှီခိုသူများလည်း ရောက်ရောက်ချင်း အလုပ်ရှာရန် ရည်ရွယ်သည်ဖြစ်စေ မရည်ရွယ်သည်ဖြစ်စေ ယင်းတို့၏ အလုပ်ရရေးကို စုံစမ်းထားသင့်သည်။

အလုပ်မရှိ ကြသေးသော ရွှေ့ပြောင်းလာရောက်နေထိုင်သူတို့သည် ရောက်လာသည်နှင့် အမြန်ဆုံး စင်တာလင့် တွင် စာရင်းသွင်းသင့်သည် ။ အသစ်ရောက်ရှိလာသော ရွှေ့ပြောင်းလာသူအများစုတို့သည် သာမန်အား ဖြင့် ၂ နှစ်တာ ကာလ အတွင်း လူမှုဖူလုံရေး ထောက်ပံ့ကြေး ရပိုင်ခွင့် မရှိကြ သဖြင့် အလုပ်ရှာဖွေရေးကွန်ချာတွင်ပါဝင်သော အဖွဲ့တစ်ဖွဲ့ဖွဲ့ အစိုးရစရိတ်ခံထားပြီးဖြစ်သည့် ကန့်သတ်ချက်များနှင့်အညီ အလုပ်ရှာဖွေရေး အကူအညီ အထောက်အပံ့ အချို့တို့ကို အသုံးပြုခွင့် ရနိုင်ပါမည်။ သို့သော် အမြဲတမ်း နေထိုင်ခွင့်ရထား၍ အခြားလိုအပ်ချက်များနှင့်ကိုက်ညီသောပြောင်းရွှေ့ လာသူတို့သည် အလုပ် ရှာဖွေပေးရေးအဖွဲ့ဝင်မှ ဆောင်ရွက်ပေးမှု အပြည့်အဝ ကိုခံစားခွင့်ရှိပါသည်။

အလုပ်ခန့်အပ်ရေးအစီအစဉ်၊ အလုပ်ရှာဖွေရေး၊ လုပ်ငန်းကျွမ်းကျင်မှုအသိအမှတ်ပြုခြင်းနှင့် စပ်လျဉ်းသည့် သတင်း အချက်အလက်များကို အောက်ပါ သတင်းကွန်ရက်များတွင်တွေ့ရှိ နိုင်ပါသည်။

- ဩစတြေးလျားအလုပ်ရှာဖွေရေး (ဩစတြေးလျားနိုင်ငံတွင်း အလုပ်အကိုင် ၊ အလုပ်ရရန်အလား အလာ ၊ လိုအပ်နေသည့်ကျွမ်းကျင်မှု နှင့် အသက်မွေးဝမ်း ကျောင်း အလုပ်ဆိုင်ရာ သတင်းအချက်အလက်များအတွက်) www.jobsearch.gov.au
- ဩစတြေးလျား လုပ်ငန်းခွင် ( ဩစတြေးလျားလုပ်ငန်းခွင်နှင့်စပ်လျဉ်း၍ သိကောင်းစရာ အကြောင်းအချက်များ သိလိုလျှင် ) www.workplace.gov.au
- လုပ်ငန်းကျွမ်းကျင်သူအဖြစ်ပြောင်းရွှေ့လာသူ။ (လိုအပ်နေသည့်ကျွမ်းကျင်မှု ရှိသူ လျှောက်ထားရန်အတွက် ၊ ကျွမ်းကျင်သည့် အလုပ်သမားများ လိုအပ်နေသော လုပ်ငန်းများစာရင်း။) www.skilledmigrant.gov.au
- ဩစတြေးလျားလုပ်ငန်းကျွမ်းကျင်မှုအသိအမှတ်ပြု ( အသက်မွေးဝမ်းကျောင်း ဆိုင်ရာ အရည်အချင်း အသိ အမှတ်ပြုရန်အတွက် ) www.workplace.gov.au/tra
- ဩစတြေးလျား လုပ်ငန်းကျွမ်းကျင်မှု အသိအမှတ်ပြု ဆိုင်ရာ အချက်အလက်များ (နိုင်ငံခြား အရည်အချင်း နှင့် ကျွမ်းကျင်မှု အသိအမှတ်ပြုရန်အတွက်) **www.immi.gov.au/asri**

## ဝင်ငွေခွန်

ဩစတြေးလျားနိုင်ငံတွင် နေထိုင်သူများအား ယင်းတို့၏ ကမ္ဘာအရပ်ရပ်မှ ဝင်ငွေအပေါ် အခွန်ကောက်သဖြင့် နှစ်စဉ်ဝင်ငွေကို အခွန်ဌာနသို့ တင်ပြရာတွင် ဩစတြေးလျားဝင်ငွေရော နိုင်ငံခြားဝင်ငွေပါတင်ပြရမည်ဖြစ်သည်။ သင်သည် နိုင်ငံခြားမှ ဝင်ငွေရှိလျှင်၊ ဝင်ငွေခွန်အတွက် တင်ပြသည့် စာရင်းတွင်၊ နိုင်ငံခြားတွင် ငွေခွန်ဖြတ်ပြီး လျှင်ပင် တင်ပြရပါမည်။ နိုင်ငံခြားမှဝင်ငွေအပေါ် ဩစတြေးလျားနိုင်ငံမှ အခွန်စည်းကြပ်ရာမှာ သင်သည် ထိုဝင်ငွေအပေါ် နိုင်ငံခြားတွင်အခွန်ပေးဆောင်ပြီး ဖြစ်လျှင်၊ သင့်အနေနှင့် နိုင်ငံခြားဝင်ငွေခွန် ပြန်ထေပေးခြင်းကို ခံစားရဖွယ်ရာ ရှိပါသည်။

(တီအက်ဖ်အင်) ဝင်ငွေခွန် ဖိုင်တွဲ နံပါတ် ဆိုသည်မှာ ဩစတြေးလျား အခွန်ဌာနမှ ပုဂ္ဂိုလ်တစ်ဦးစီ နှင့် အဖွဲ့ အစည်းများသို့ မည်သူမည်ဝါဟု ထုတ်ဖေါ် တင်ပြခြင်း အတွက် နှင့် မှတ်တမ်းတင်ထားရန်အတွက် ထုတ်ပေး သည့် အတုမရှိသော နံပါတ် ဖြစ်သည်။ သာမန်အားဖြင့် သင်သည် ဩစတြေးလျားနိုင်ငံတွင် ဝင်ငွေရှာရန် ရည်ရွယ်ပါက၊ အသက်မည်မျှပင်ရှိပါစေ၊ တီအက်ဖ်အင် ကို လျှောက်ထားလျှင် အကျိုးရှိမည် ဖြစ်သည်။ သင့်ထံတွင် တီအက်ဖ်အင် မရှိလျှင် သင့်အား ခန့်ထားသည့် အလုပ်ရှင်က သင့်လစာ၏ ၄၆.၅ ရာခိုင်နှုန်းကို ထုတ်မပေးဘဲ နှုတ်ထားရမည်။ လိုအပ်သည်ထက်ပိုလျှင်ပိုနှုတ်ထားခြင်း ဖြစ်နေနိုင်သည်။ သင်သည် တီအက်ဖ်အင် လျှောက်လို လျှင် အခွန်ရုံးသို့ တယ်လီဖုန်းဆက်ပြီး လျှောက်လွှာ ပုံစံ ကို သင့်ထံပို့ပေးရန် တောင်းခံနိုင်သည်။ သို့မဟုတ် အခွန်ရုံး၏ သတင်းကွန်ရက်မှ တစ်ရက် ၂၄ နာရီ၊ တစ်ပတ် ၇ ရက် တီအက်ဖ်အင် ကို လျှောက်နိုင်သည်။

ပိုမို သိလိုသေးလျှင်
သတင်းကွန်ရက်။ www.ato.gov.au
တယ်လီဖုန်း။ ၁၃၂ ၈၆၁ (ဩစတြေးလျား အတွင်း)

## ရွှေ့ပြောင်းလာရောက်နေထိုင်သူ လူစု အခြေစိုက် နေထိုင်နိုင်ရေး အကျိုးဆောင်လုပ်ငန်းများ ။

လူဝင်မှုကြီးကြပ်ရေး နှင့် နိုင်ငံသားအဖြစ်ခံယူရေးဌာန သည် ရွှေ့ ပြောင်းလာရောက်နေထိုင်သူများနှင့်တကွ လူသားတို့ အကျိုးဆောင်ရွက်ရေးမူ အရ နိုင်ငံတွင်းသို့ ဝင်ရောက်လာသူများ ၊ ရောက်ရှိလာ ကြပြီး သည့် နောက် ၊ အမြန်ဆုံး အချိန်ကာလ အတွင်း ဩစတြေးလျားရှိ တစ်မြေတည်းနေထိုင်သူများအကြား ထကြွနိုးကြားစွာ ပါဝင်ဆင်နွှဲသူများ ဖြစ်လာစေလိုသော ရည်မှန်းချက်ဖြင့် အခြေချနေထိုင်ရေး အကျိုးဆောင် လုပ်ငန်းများ အစီအရီ ပင် ထောက်ပံ့ပေးလျက် ရှိပါ သည် ။ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားအဖြစ်ခံယူရေးဌာနသည် လူအများစုဆိုင်ရာ အကျိုးဆောင် အဖွဲ့ အစည်းများအား အခြေချနေထိုင်ရေး အတွက် ပေးကမ်းငွေ အစီအစဉ် အရ ရံပုံငွေ ထုတ်ပေး သည် ။ အခြေချနေထိုင်နိုင်ရေးအတွက် ကူညီထောက်ပံ့အကျိုးဆောင်မှု ပေး သော အဖွဲ့များနှင့် စပ်လျဉ်းသည့် စာရင်းကို **www.immi.gov.au/living-in-australia/settle-in-australia/find-help/where-to-help/** တွင်ရှုကြည့်နိုင်ပါ သည်။

အခြေချနေထိုင်ရေး ဝန်ဆောင်မှု အဖွဲ့များအနေနှင့် သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံသော ပြောင်းရွှေ့လာရောက်နေထိုင်သူများအား အိုးအိမ်၊ ကလေးထိန်း၊ အလုပ်အကိုင် နှင့် ကျောင်းတက်ပညာ သင်ခြင်း စသည့်ခံစားခွင့်များကို ရရှိစေမည့် အကြောင်းအချက်များကို ဖေါ်ပြပေးနိုင်သည်။ သင်၏ ဒေသအတွင်း လူမျိုးစုအကြား အခြေချ နေထိုင်သွား နိုင်အောင် ကူညီနိုင်မည့် အဆက်အသွယ် ကွန်ရက် နှင့် လည်း ဆက်သွယ်ပေးနိုင်သည်။

## ဘာသာစကား သင်ကြားရေး နှင့် အထောက်အကူ။

လူဝင်မှုကြီးကြပ်ရေး နှင့် နိုင်ငံသားအဖြစ် ခံယူရေးဌာန အနေနှင့် ဘာသာစကားပြောဆိုခြင်းနှင့်ပတ်သက်၍ အကူအညီ လိုကြသည့် ရွှေ့ပြောင်းလာရောက်နေထိုင်သူများအတွက် အရေးကြီးသော အကျိုးဆောင်မှု ၂ ရပ် စီစဉ် ဖွဲ့စည်းထားပါသည်။ ယင်းတို့မှာ အရွယ်ရောက် ပြီးဖြစ်သည့် ရွှေ့ပြောင်းလာရောက်နေထိုင်သူအတွက် အင်္ဂလိပ် အစီအစဉ် (အေအယ်မ်အီးပီ )နှင့် ဘာသာပြန် နှင့် စကားပြန် အဖွဲ့ (တီအိုင်အက်စ် နေရှင်နယ် ) တို့ဖြစ်သည်။

## အရွယ်ရောက်ပြီးဖြစ်သည့် ရွှေ့ပြောင်းလာရောက် နေထိုင်သူ အတွက် အင်္ဂလိပ်ဘာသာစကား သင်ကြားရေး အစီအစဉ် (အေအယ်မ်အီးပီ)

ဩစတြေးလျားနိုင်ငံတွင် အောင်မြင်စွာ အခြေချ နေထိုင်နိုင်ရေး နှင့် သင်၏ ကိုယ်ပိုင်၊ အသိုင်းအဝိုင်း၊ စီးပွားရေး ရည်မှန်းချက်များကို အောင်မြင်စွာ စွမ်းဆောင်နိုင်ရေးအတွက် အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကား သင်ယူခြင်းသည် ပထမ နှင့် အရေးအကြီးဆုံး ခြေလှမ်းပင် ဖြစ်ပါသည်။ သင်သည် လိုအပ်သည့် အရည်အချင်းနှင့် ပြည့်စုံပါက အရွယ်ရောက်ပြီးသည့် ရွှေ့ပြောင်းလာရောက် နေထိုင်သူများ အတွက် အင်္ဂလိပ်ဘာသာစကား သင်ကြားရေး အစီအစဉ် (အေအယ်မ်အီးပီ) အနေနှင့် နေ့စဉ်တွေ့ကြုံရသည့် လူမှုရေး အခြေအနေနှင့် အချို့သော အလုပ်အကိုင်အခြေအနေကို ဖြေရှင်းရာမှာ အထောက်အကူဖြစ်မည့် အခြေခံ အင်္ဂလိပ်ဘာသာစကားသင်တန်းကို သင်ကြားပို့ချ ပေးနိုင်ပါသည်။

သင်သည် အေအယ်မ်အီးပီ အတွက် အရည်အချင်းပြည့်လျှင်၊ အင်္ဂလိပ်စာကို နာရီပေါင်း ၅၁၀ နာရီအထိ သို့မဟုတ် အလုပ်ဖြစ်မြောက်စေလောက်သည့် အဆင့်တိုင်အောင် တတ်မြောက် သည်အထိ၊ ယင်း ၂ မျိုးတို့တွင် ဦးစွာရောက်ရှိသည့် အချိန်ကာလ အထိသာ သင်ယူနိုင်ခွင့်ရှိမည်။ သို့သော် သင်သည် လူသားတို့အကျိုး ဆောင်ရွက်ရေးမူ အရ ဝင်ရောက်လာသူဖြစ်ပြီး ဩစတြေးလျားသို့ မလာမီ ညှဉ်းပန်းနှိပ်စက်ခြင်းခံရခြင်းကြောင့် စိတ်ထိခိုက်ထားသူ ဖြစ်လျှင် သို့မဟုတ် ကျောင်းကို ကောင်းစွာ စတက်ခဲ့ရသူ ဖြစ်လျှင် သင်သည် အင်္ဂလိပ်သင်တန်းများ ပိုမို တက်ခွင့် ရနိုင်ပါမည်။


© COMMONWEALTH OF AUSTRALIA, 2009

သင်သည် ဩစတြေးလျားနိုင်ငံသို့ ရောက်ရှိလာပြီး သို့မဟုတ် အမြဲတမ်းနေထိုင်ခွင့် ရပြီး ၃ လ အတွင်း သင်၏အရပ်ဒေသရှိ အေအယ်မ်အီးပီ ဝန်ဆောင်အဖွဲ့သို့သွား၍ အေအယ်မ်အီးပီ သင်တန်း တက်ရန် စာရင်းသွင်းရမည် ဖြစ်သည်။ သင်တန်းများကို တစ်နှစ်အတွင်း စတင် တက်ရောက်သင်ယူရမည်။ မတက်မိပါက အေအယ်မ်အီးပီ သင်တန်းများကို တက်ခွင့်ရတော့မည်မဟုတ်ပါ။ ကျောင်းတက်ရန်စာရင်းသွင်းပြီးမှ မိသားစု၊ အလုပ်၊ သို့မဟုတ် အခြားတာဝန်များကြောင့် ကျောင်းတက်ရန် အခက်အခဲ ပြဿနာ ဖြစ်ခဲ့လျှင် သင်တန်းစတင်ခြင်းကို ရွှေ့ဆိုင်းထားနိုင်သည်။

အေအယ်မ်အီးပီ အနေနှင့် သင်ကြားပို့ချနည်း အမျိုးမျိုး သုံး၍သင်ကြား ပေးနေပါသည်။ သင်သည် အချိန်ပြည့်အတန်းများ သို့မဟုတ် အချိန်ပိုင်း အတန်းများကို ရွေးပြီးတက်နိုင်သည်။ အေအယ်မ်အီးပီ၏ အဝေးရောက် သင်တန်းကို အိမ်မှနေ၍ လည်း သင်ယူနိုင်သည်။ သို့မဟုတ် အိမ်အထိ လာရောက်သင်ကြားပေးသည့် နည်းပြဆရာ နှင့် အင်္ဂလိပ်စကားကို လေ့ကျင့် ပြောဆိုနိုင်သည်။ သင်သည် ကျောင်းတက်သည့်အရွယ်မရောက်သေးသော ကလေးရှိလျှင် သင်အတန်းထဲစာသင်နေစဉ် ကလေးကို အခမဲ့ ကလေးထိန်းဌာန တွင် အပ်ထားနိုင်ပါသည်။

သင်သည် အေအယ်မ်အီးပီ တွင် အင်္ဂလိပ်စာ သင်ခွင့် ရှိ မရှိ စုံစမ်းရန်နှင့် မည်သည့်နေရာတွင် စာရင်းသွင်းရမည် ဆိုသည်ကို သိလိုလျှင် လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားအဖြစ်ခံယူရေးဌာန၏ စုံစမ်းရန်ဖုန်းလိုင်း ၁၃၁ ၈၈၁ သို့ ဖုန်းဆက်၍ စုံစမ်းနိုင်သည်။ သို့မဟုတ် အေအယ်မ်အီးပီ၏ ကွန်ရက် **www.immi.gov.au/amep** သို့ဝင်ရောက် ရှုကြည့်ပါ။

## ဘာသာပြန် နှင့် စကားပြန် အဖွဲ့။ (တီအိုင်အက်စ် နေရှင်နယ်)

တီအိုင်အက်စ် နေရှင်နယ်သည် တစ်ရက်ကို ၂၄ နာရီ တစ်ပတ်ကို ၇ ရက်စလုံး ဘာသာ စကားအမျိုးပေါင်း ၁၆၀ ကျော်အတွက် တယ်လီဖုန်းမှ ဘာသာပြန်ပေးမည့် စကားပြန်များ စီစဉ်ပေးနိုင်သည်။ သင်သည် သင့်ဘာသာစကားကို မပြောတတ်သောသူနှင့် ပြောဆိုရန်လိုအပ်လျှင် တီအိုင်အက်စ် နေရှင်နယ်မှ ကူညီနိုင်ဖွယ်ရာ ရှိပါသည်။ အရေးပေါ် ကိစ္စ ဖြစ်ပေါ်ခဲ့လျှင်လည်း ဩစတြေးလျားနိုင်ငံ မည်သည့်အရပ်သို့မဆို စကားပြန် အကူအညီ ပေးနိုင်မည် ဖြစ်သည်။

တယ်လီဖုန်းဖြင့် စကားပြန်ပေးရန် အကူအညီ လိုပါက တီအိုင်အက်စ် နေရှင်နယ်ကို တယ်လီဖုန်းနံပါတ် ၁၃၁ ၄၅၀ သို့ ဆက်သွယ်ပါ။

သို့မှမဟုတ် သင်နှင့် စကားပြောရန်လိုသည့် အစိုးရ ဌာန၊ စီးပွါးရေး၊ ဝန်ဆောင်မှု အဖွဲ့တို့ အနေနှင့် သင့်အတွက် တီအိုင်အက်စ် နေရှင်နယ်သို့ ဆက်သွယ်ပေးနိုင်သည်။

တီအိုင်အက်စ် နေရှင်နယ် သည် အခကြေးငွေ အတွက် လုပ်ငန်းဆောင်ရွက်သည်။ သို့သော် အကြိမ်အခါ အများစုတို့တွင် စကားပြန်ခ ကို အစိုးရဌာန၊ လုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုအဖွဲ့မှ ပေးကြပါသည်။ သင်သည် သင့်ဆရာဝန်ထံ ဆေးစစ်ရန် ပြသရာမှာ စကားပြန်လိုအပ်ပါက ဆရာဝန်ကို တီအိုင်အက်စ် နေရှင်နယ်၏ ဆရာဝန်အရေးပေါ် တယ်လီဖုန်းလိုင်းသို့ ဆက်ပြီး တယ်လီဖုန်းစကားပြန် စီစဉ်ပေးရန် တောင်းပေးဖို့ ပြောပါ။

ဆေးခန်းအထိ လာရောက် ပြန်ဆိုပေးသည့် စကားပြန် လိုပါက ဆရာဝန်အနေနှင့် စီစဉ်ပေးနိုင်ပါသည်။ ဆေးဝါးများရောင်းသည့် ဆိုင်များအနေနှင့်လည်း သင့်အတွက် စကားပြန် စီစဉ်ပေးနိုင်သည်။ ဩစတြေးလျားနိုင်ငံသို့ ရောက်လာပြီး သို့မဟုတ် အမြဲတမ်းနေထိုင်ခွင့် ရပြီး ၂ နှစ်အတွင်း သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံသူ တို့အတွက် အခြေချနေထိုင်ရေးနှင့် ဆက်နွယ်သည့် စာရွက် စာတမ်းများ (ဥပမာ၊ မွေးစာရင်း၊ မင်္ဂလာဆောင်လက်မှတ်၊ ယာဉ်မောင်းလိုင်စင်၊ ပညာရေးနှင့် လုပ်ငန်းဆိုင်ရာ စာရွက်စာတမ်း) ကို အင်္ဂလိပ်ဘာသာသို့ ဘာသာ ပြန်ပေးပါသည်။ ဤဝန်ဆောင်မှုအတွက် အခကြေးငွေ မယူပါ။ ဘာသာ ပြန်ခြင်းဆိုင်ရာအချက်အလက်များ ပိုပြီး ဖတ်ရှုလို ပါက **www.immi.gov.au/living-in-australia/help-with-english/** တွင်ကြည့်ပါ။

အင်္ဂလိပ်ဘာသာစကား မဟုတ်သည့် အခြားဘာသာစကားများကို ပြောကြသော ဩစတြေးလျား လူမျိုးစုများအတွက် စကားပြန်အဖြစ် ဆောင်ရွက်ပေးရန်ဆန္ဒရှိသဖြင့် တီအိုင်အက်စ် နေရှင်နယ် အဖွဲ့၏ အချိန်ပြည့်ဝန်ထမ်း မဟုတ်ဘဲ ကန်ထရိုက် သို့မဟုတ် ပုတ်ပြတ်အခနှုန်းဖြင့် စကားပြန်အဖြစ် ဆောင်ရွက်လိုသူ ဩစတြေးလျား နိုင်ငံသား နှင့် ဩစတြေးလျားနိုင်ငံတွင် အမြဲတမ်း နေထိုင်ခွင့်ရှိသူတို့ ထံမှ စုံစမ်းမေးမြန်းခြင်းကို တီအိုင်အက်စ် နေရှင်နယ် မှ လိုလား ကြိုဆိုပါသည်။ သင်သည် အင်္ဂလိပ်ဘာသာစကားနှင့် အနည်းဆုံး အခြားဘာသာစကား တစ်ရပ်ကို ကောင်းစွာ ပြောတတ်လျှင် တီအိုင်အက်စ် နေရှင်နယ် အဖွဲ့၏ ကန်ထရိုက် စကားပြန်အဖြစ် ဆောင်ရွက်ဖို့ လျှောက်ထားရန်စဉ်းစားသင့်ပါသည်။ စကားပြန်များ သွတ်သွင်းလက်ခံ ခန့်ထားခြင်း နှင့် အလုပ်စည်းကမ်းများ ဆိုင်ရာတို့ကို ပိုမိုသိလိုလျှင် ကျေးဇူးပြု၍ တီအိုင်အက်စ် နေရှင်နယ် ကန်ထရိုက် မန်နေဂျာကို တယ်လီဖုန်း နံပါတ် ၁၃၀၀ ၁၃၂ ၆၂၁ တွင် ဆက်သွယ်ပါ။

## ပညာရေး၊ အလုပ်အကိုင်ရှာဖွေရေးနှင့် လုပ်ငန်းခွင် ဆက်ဆံ ရေး ဌာန (ဒီအီးအီးဒဗလျူအာ) အင်္ဂလိပ်ဘာသာ အစီအစဉ်များ။

အင်္ဂလိပ်ဘာသာ စကားပြော၊ စာရေးစာဖတ်၊ ဂဏန်းသင်္ချာတွက်ခြင်း တို့ကို လေ့ကျက်သင်ယူလိုလျှင် ယင်းဘာသာရပ်များ တတ်ကျွမ်းရေးအတွက် ဗဟိုအစိုးရ၏ ပညာရေး၊ အလုပ်အကိုင်ရှာဖွေရေး နှင့် လုပ်ငန်းခွင် ဆက်ဆံ ရေးဌာန (ဒီအီးအီးဒဗလျူအာ ) နှင့် ပြည်နယ် နှင့် ဒေသအစိုးရများမှ စီမံအုပ်ချုပ်သည့်အစီအစဉ် များ မှ သင်ယူနိုင်သည်။ ဒီအီးအီးဒဗလျူအာ အနေနှင့် အလုပ်လုပ်သည့်အရွယ် (၁၅ နှစ်မှ ၆၄ နှစ်အထိ) ပုဂ္ဂိုလ်များအတွက် အလုပ်အကိုင်နှင့် ဆက်နွယ်သည့် အင်္ဂလိပ်ဘာသာ စကားပြော၊ စာရေးစာဖတ်၊ ဂဏန်းသင်္ချာတွက်နည်း သင်ကြား ပို့ချ သည့် အစီအစဉ် ၂ ရပ် ရှိပါ သည်။

ပထမ အစီအစဉ် ဘာသာစကား၊ ရေးတတ် ဖတ်တတ်ရေး နှင့် ဂဏန်းသင်္ချာ တွက်တတ်ရေး အစီအစဉ် (အယ်လ် အယ်လ် အင် ပီ) အရ သတ်မှတ်ထားသည့် အရည်အချင်း နှင့် ကိုက်ညီသော အလုပ်ရှာနေသူများအတွက် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင် နှင့်သင့်လျော်သော သင်တန်းကို နာရီပေါင်း ၈၀၀ အထိ သင်ကြားပို့ချပေးမည်။ အယ်လ် အယ်လ် အင် ပီ ၏ ရည်ရွယ်ချက်ကတော့ သင်တန်း တက်နေသူများ စားလောက်သောက်လောက်သည့် အလုပ်အကိုင် ရရှိရေး၊ သို့မဟုတ် အဆင့်မြင့်ပညာ နှင့်လေ့ကျင့်ရေးသင်တန်း ဆက်လက်သင်ယူ နိုင်ရန် စကားပြောတတ်ပြီး စာရေးစာဖတ်၊ တွက်ချက်သည့် ကျွမ်းကျင်မှုရရှိစေရန် ကူညီရန် ရည်ရွယ်သည်။ ယင်းအစီအစဉ်အရ ချို့တဲ့နေသူများ အတွက် ဖြည့်စွက်သင်ကြားပေးသော သင်တန်းများကို အသုံးပြုလျက် သင်ကြားပေး သည်။

ဒုတိယ အစီအစဉ် - လုပ်ငန်းခွင်အင်္ဂလိပ်ဘာသာစကား နှင့် စာရေးစာဖတ် အစီအစဉ် (ဒဗလျူ အီး အယ်လ် အယ်လ်) အရ အလုပ်သမားတို့၏ လက်ရှိအလုပ် နှင့် နောင်လုပ်မည့်အလုပ်တွင် လိုအပ်မည့် အင်္ဂလိပ်ဘာသာစကား ပြောတတ်ရန်၊ အင်္ဂလိပ်စာ ရေးတတ်ဖတ်တတ်ရန်၊ ဂဏန်းသင်္ချာ တွက်တတ်ရန် သင်ကြားပို့ချပေး သည့် အဖွဲ့အစည်းများအား စိုက်ထုတ်ပေးသည်။

ဩစတြေးလျားနိုင်ငံအစိုးရသည် ပြည်နယ်နှင့်ဒေသ အစိုးရ ပညာရေးဌာန အာဏာပိုင်တို့နှင့် အစိုးရဝန်ထမ်း မဟုတ်သော ပုဂ္ဂလိက ပညာရေး တာဝန်ခံများအား သတ်မှတ်ထားသော အရည်အချင်းနှင့် ကိုက်ညီသည့် အသစ်ရောက်ရှိလာသူ အခြေခံ နှင့် အထက်တန်းကျောင်းသားများအား အင်္ဂလိပ်ဘာသာကို ဒုတိယဘာသာစကားအဖြစ် သင်ပေးသော အစီအစဉ် (အီးအက်စ်အယ်လ် - အင်အေ) အရ အင်္ဂလိပ်စကားပြော အထူးကျူရှင် သင်တန်း ပို့ချပေးရန်အတွက်လည်း ငွေကြေးထောက်ပံ့ ကူညီသည်။

ဤအစီအစဉ်သည် အင်္ဂလိပ်စကား မပြောသည့် လူမျိုးထဲမှ ရောက်ရှိလာသည့် ကျောင်း သားများ၏ ပညာရေးသင်ကြားရန် အခွင့်အလမ်း နှင့် အောင်မြင်ရေးအတွက် အခြေအနေ ပိုမိုကောင်းမွန်လာစေရန်၊ အင်္ဂလိပ်ဘာသာပိုမိုတတ်ကျွမ်းအောင် နှင့် သာ မန်ပညာရေးလှုပ်ရှားမှုများတွင် ပါဝင်ဆင်နွှဲနိုင်အောင် ကူညီပေးသည်။

သတ်မှတ်ထားသည့် အရည်အချင်းနှင့် ကိုက်ညီသော ကျောင်းသားများသည် ဘာသာ စကား အထူးဂရုစိုက်သင်ကြားပေးသည့်ဌာနများ တွင်သော်လည်းကောင်း၊ ကျောင်းများတွင် သော်လည်းကောင်း၊ အနည်းဆုံး ၆ လ အထိ အင်္ဂလိပ်ဘာသာ ကျူရှင် သင်ယူရမည်။ သင်ကြားပို့ချပိုင်ခွင့်ရှိသည့်ကျောင်း သို့မဟုတ် အဖွဲ့အစည်း အနေနှင့် ကျောင်းသားတို့၏ လိုအပ်ချက်များ၊ အီး အက်စ် အယ်လ် သင်ရိုးညွှန်းတမ်း နှင့် အင်္ဂလိပ်ဘာသာ ကျူရှင် မည်မျှလိုအပ်သည်ကို ခန့်မှန်း အကောင်အထည် ဖေါ်ရန် တာဝန်ရှိသည်။

ပိုမိုသိလိုသေးလျှင်

သတင်းကွန်ရက် www.deewr.gov.au

တယ်လီဖုန်း၊ ၁၃၀၀ ၃၆၃ ၀၇၉

## ဩစတြေးလျား နိုင်ငံသားအဖြစ် ခံယူခြင်း။

ဩစတြေးလျား နိုင်ငံသားအဖြစ်ခံယူခြင်း၊ သတ်မှတ်ထားသည့်အရည်အချင်း နှင့် လျှောက်လွှာပုံစံများ အပါအဝင်တို့နှင့်စပ်လျဉ်းသည့် အချက်အလက်များကို နိုင်ငံသား ဆိုင်ရာ သတင်းကွန်ရက် **www.citizenship.gov.au** တွင် တွေ့ရှိနိုင်ပါ သည်။ သို့မဟုတ် ဩစတြေးလျားနိုင်ငံတွင်းမှ နိုင်ငံသားဆိုင်ရာ သတင်းပြန်ကြားရေး လိုင်း ဖြစ်သည့် တယ်လီဖုန်း နံပတ် ၁၃၁ ၈၈၀ သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

နောက်စာမျက်နှာသို့ ဆက်ရှု ▶

© COMMONWEALTH OF AUSTRALIA, 2009

## သိမှတ်စရာ အချက်အလက် သို့မဟုတ် အကြံပေးချက်များ လိုသေးသလား၊

သင်နေထိုင်ရန်ရည်ရွယ် သည့် ပြည်နယ် သို့မဟုတ် ဒေသ အတွက် ထုတ်ဝေထားသော *"ဩစတြေးလျားနိုင်ငံ အတွင်း ဘဝသစ် တည်ထောင်ခြင်း"* စာအုပ်ငယ်ကို အရ ယူထားပါ။ ယင်းစာအုပ်ငယ်များသည် အင်္ဂလိပ်ဘာသာ ဖြင့်ရော အခြားလူမျိုးဘာသာစကား ၃၇ ဘာသာ ဖြင့်ပါ ရှိပြီး အောက်ပါ သတင်းကွန်ရက်တွင် ရရှိနိုင်ပါသည်။

**www.immi.gov.au/living-in-australia/settle-in-australia/**

အခြေချနေထိုင်ရေးဆိုင်ရာ မှတ်သားဖွယ်ရာ သတင်း နှင့် အကြံပေးချက်များကို ဩစတြေးလျား နိုင်ငံတွင်း နှင့် နိုင်ငံခြား တွင်ရှိသော လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားအဖြစ်ခံယူရေးဌာန ရုံးများ တွင်လည်း ရရှိနိုင်ပါသည်။ အခြား မှတ်သားဖွယ်ရာ များ အတွက် ဝင်ရောက်ရှာဖွေရန်

**လူဝင်မှုကြီးကြပ်ရေး နှင့် နိုင်ငံသားအဖြစ်ခံယူမှုဆိုင်ရာ ဌာန။**

တယ်လီဖုန်း နံပါတ် ၊ ၁၃၁ ၈၈၁ (ဩစတြေးလျားနိုင်ငံ အတွင်း အထွေထွေ စုံစမ်းမေးမြန်းရန် အတွက်)

**www.immi.gov.au**

**ဩစတြေးလျားနိုင်ငံသို့ ရွှေ့ပြောင်းအခြေချနေထိုင်ရေး ဆိုင်ရာ မှတ်သားဖွယ်ရာ သတင်း ။**

**www.immi.gov.au/migrants**

**ဩစတြေးလျားနိုင်ငံအတွင်းမှာနေထိုင်ပုံဘဝအခြေအနေ ဆိုင်ရာသတင်း**

**www.immi.gov.au/living-in-australia/**

နိုင်ငံခြားရှိ ဩစတြေးလျား လူဝင်မှု ကြီးကြပ်ရေး ရုံးများ စာရင်း ။

**www.immi.gov.au/contacts/overseas/**

**အခြေချ နေထိုင်ရေးအတွက် အကျိုးဆောင် သည့် အဖွဲ့ အစည်းများ ရှာဖွေရန် ။**

**www.immi.gov.au/living-in-australia/settle-in-australia/find-help/where-to-help/**

**နိုင်ငံသား ဆိုင်ရာ သတင်းကွန်ရက်**

**www.citizenship.gov.au**

## အခြား သိရှိ မှတ်သားဖွယ်ရာ အချက်အလက်များ ။

**အသက်အန္တရာယ် ဖြစ်စေမည့် အရေးပေါ်အခြေအနေ (မီးသတ်၊ ရဲ ၊ လူနာတင်ယာဉ်)**
တယ်လီဖုန်း ၀၀၀

**ဘာသာပြန် နှင့် စကားပြန် အဖွဲ့။ (တီအိုင်အက်စ် နေရှင်နယ်)**

တယ်လီဖုန်း ၁၃၁ ၄၅၀

**www.immi.gov.au/tis/**

**ဩစတြေးလျား အစိုးရ ဒေသန္တရ ပြန်ကြားရေးဌာန**
တယ်လီဖုန်း ၁၈၀၀ ၀၂၆ ၂၂၂
www.regionalaustralia.gov.au

**ဩစတြေးလျား လုပ်ငန်းကျွမ်းကျင်မှု အသိအမှတ်ပြု အချက်အလက် သတင်းကွန်ရက်**

**www.immi.gov.au/asri**

**အေအီးအိုင် - အင်အိုအိုအက်စ်အာ (အထွေထွေ အရည်အချင်း နှင့် ကျွမ်းကျင်မှုများ အသိအမှတ် ပြုခြင်းဆိုင်ရာ သတင်းအချက်အလက်များ)**
တယ်လီဖုန်း ၁၃၀၀ ၃၆၃ ၀၇၉
www.aei.gov.au

**ဩစတြေးလျား အစိုးရ၏ သတင်းကွန်ရက်**

www.australia.gov.au

| | |
|---|---|
| သတင်းကွန်ရက် | **www.immi.gov.au** |
| အထွေထွေ စုံစမ်းရန်အတွက် ဖုန်းလိုင်း ၊ | တယ်လီဖုန်း **131 881**<br>ဩစတြေးလျားနိုင်ငံ ရုံးချိန်အတွင်း ဆက်လျှင် တယ်လီဖုန်း အော်ပရေတာ ကိုယ်တိုင်ဖြေကြားပါမည် ။<br>(ရုံးချိန်မှအပ ဆက်လျှင် အသံသွင်းထားသော ပြန်ကြားချက်များကို ကြားရပါမည် ။)<br>နိုင်ငံခြားရောက် နေလျှင် အနီးဆုံး ဩစတြေးလျားသံရုံးကို ဆက်သွယ်ပါ။ |


© COMMONWEALTH OF AUSTRALIA, 2009